JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

ဇူလိုင် ၂၁၊ ၂၀၂၂-မြန်မာ

## အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း စစ်တပ်ဆက်နွယ် LOTTE ဟိုတယ်မှာ ဩစတြေးလျသံရုံးက အမေရိကန်ဒေါ်လာ ၅၂၅,၀၀၀ ကျော် သုံးစွဲထား

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ရန်ကုန်မြို့ရှိ ဩစတြေးလျသံရုံးဟာ စစ်တပ်နဲ့ ဆက်နွယ်နေတဲ့ LOTTE ဟိုတယ်နဲ့ ဟိုတယ် အဆင်မြင့်ဝန်ဆောင်မှုပါတဲ့ တိုက်ခန်းတွေမှာ နေထိုင်စရိတ်၊ အစားအသောက်နဲ့ အခြားဝန်ဆောင်မှုတွေအတွက် အမေရိကန် ဒေါ်လာ ၅၂၅,၄၇၃ ကို သုံးစွဲထားပါတယ်။

သတင်းအချက်အလက်လွတ်လပ်စွာသိရှိခွင့် အက်ဥပဒေအရ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနက အဲ့အသုံးစရိတ်တွေကို Justice For Myanmar ထံ ထုတ်ဖော်ပြောကြား ပေးခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံဆိုင်ရာဩစတြေးလျသံရုံးနဲ့ သံအမတ်ကြီး နေအိမ်တွေ ငှားရမ်းမှုအစီအစဉ်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တောင်းဆိုမှုတွေကိုတော့ ပေးဖို့ ငြင်းဆိုခဲ့ပါတယ်။

LOTTE ဟိုတယ်နဲ့ ဟိုတယ် အဆင်မြင့်ဝန်ဆောင်မှုပါတဲ့ တိုက်ခန်းတွေမှာ ဩစတြေးလျသံရုံးရဲ့ အသုံးစရိတ်တွေမှာ တစ်ခုကို အမေရိကန်ဒေါ်လာ ၃၁.၅၀ တန်တဲ့ ချောကလက် ခရင်ကိတ်ကနေ အင်းယားကန်ရှုခင်းပါတဲ့ ဇိမ်ခံလူနေခန်းအတွက် လစဉ် အမေရိကန်ဒေါ်လာ ၇,၁၀၀ အထိ ပါဝင်ပါတယ်။

LOTTE ဟိုတယ်နဲ့ ဟိုတယ်ဝန်ဆောင်မှုတိုက်ခန်းတွေကို မြန်မာစစ်တပ်ရဲ့ စစ်ထောက်ချုပ်ရုံးက ဘီအိုတီ (တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း) သဘောတူညီမှုနဲ့ ငှားရမ်းထားတဲ့ မြေနေရာပေါ်မှာ တည်ဆောက် ထားတာ ဖြစ်ပါတယ်။ စစ်ထောက်ချုပ်ရုံးကို အမေရိကန်ပြည်ထောင်စု၊ ယူကေနဲ့ ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ထားပါတယ်။

LOTTE ဟိုတယ်ရဲ့ ရင်းနှီးမြှုပ်နှံသူတွေက နှစ်စဉ်ငှားရမ်းခအတွက် အမေရိကန်ဒေါ်လာ ၁.၈၇၄ သန်း နဲ့ မြေအသုံးချမှုပရီမီယံကြေး အမေရိကန်ဒေါ်လာ ၁၃.၅၁ သန်း ကို စစ်ထောက်ချုပ်ရုံးကို ပေးဆောင် နေရတယ်လို့ Distributed Denial of Secrets က ထုတ်ပြန်တဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မှတ်တမ်းတွေအရ သိရပါတယ်။ နှစ် ၇၀ ငှားရမ်းမှုသက်တမ်းကုန်ဆုံးတဲ့အချိန်မှာ ဟိုတယ်နဲ့လူနေတိုက်ခန်း တွေကို စစ်တပ်ဆီ လွှဲပြောင်းပေးအပ်မှာဖြစ်တဲ့အတွက် စစ်တပ်ကို အကျိုးအမြတ်အလွန်များပြားတဲ့ အနာဂတ်ပိုင်ဆိုင်မှု တစ်ရပ်ကို ပေးနေတာဖြစ်ပါတယ်။

LOTTE ဟိုတယ်နဲ့ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတိုက်ခန်းတို့မှာ ဩစတြေးလျရဲ့ ငွေးယူသုံးစွဲမှုက အိမ်ခြံမြေလုပ်ငန်း အပါအဝင် မြန်မာစစ်တပ်၊ သူရဲ့ စီးပွားရေးလုပ်ငန်းစုကြီးတွေနဲ့ စီးပွားရေးဆိုင်ရာ ပတ်သက်ဆက်နွယ်နေတဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို ဆန့်ကျင်ဖို့ အကြံပြုခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂရဲ့ လွတ်လပ်တဲ့နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်ရဲ့ အကြံပြုချက်တွေကို ဆန့်ကျင် နေပါတယ်။ အိမ်ခြံမြေလုပ်ငန်းက မြန်မာစစ်တပ်အတွက် "အဓိကအခွန်ဝင်ငွေစီးကြောင်းတစ်ရပ်" ဖြစ်တဲ့အကြောင်း အချက်အချက်ရှာဖွေရေးမစ်ရှင်က တွေ့ရှိခဲ့ပါတယ်။

ဩစတြေလျနိုင်ငံရဲ့ LOTTE ဟိုတယ်နဲ့စီးပွားရေးလုပ်ငန်း ဆက်လက်ပတ်သက်နေခြင်းဟာ စစ်တပ်ရဲ့ အာဏာသိမ်းကြိုးပမ်းမှုကို တုန့်ပြန်တဲ့အနေနဲ့ စစ်တပ်စီးပွားရေးလုပ်ငန်းတွေအပေါ် လူထုရဲ့ ဆန့်ကျင် သပိတ်မှောက်တဲ့ လှုပ်ရှားမှုကို ထိပါးအားနည်းအောင် လုပ်တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ပြည်သူ အများ သိကြတဲ့ သပိတ်မှောက်အပ်ပလီကေးရှင်း "ဝေးဝေးနေ" မှာ LOTTE ဟိုတယ်ကို သပိတ်မှောက်စာရင်း သွင်းထားပြီး၊ ဟိုတယ်မှာလုပ်တဲ့ စီးပွားရေးလုပ်ငန်းအစည်းအဝေးတွေကိုလည်း လူသိထင်ရှား ဝေဖန်ထား ပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက ဟောင်ကောင်အစိုးရထောက်ပံ့တဲ့ ကွန်ယက်အခမ်းအနား တစ်ခုကို LOTTE ဟိုတယ်မှာ ကျင်းပဖို့ စီစဉ်ထားတာကို ၂၀၂၀ ရွေးကောက်ပွဲက အာဏာလွှဲအပ်ထားတဲ့ တရားဝင် အစိုးရအဖွဲ့ဖြစ်တဲ့ အမျိုးသားညီညွတ်ရေးအစိုးဆီက ဝေဖန်မှုတွေအပါအဝင် လူထုရဲ့ဝေဖန်မှုတွေကြောင့် ဖျက်သိမ်းလိုက်ရပါတယ်။

အမျိုးသားညီညွတ်ရေးအစိုးရက LOTTE ဟိုတယ်ဟာ "ကိုယ့်ပြည်သူတွေအပေါ် ကျူးလွန်တဲ့ လူမျိုးတုန်း သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် အပြည့်အဝ တာဝန်ရှိတဲ့ စစ်ကောင်စီရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေမှာ လိုလိုလားလား အားပေးကူညီနေ"ကြောင်း ဇွန်လသတင်း ထုတ်ပြန်ချက်တစ်စောင်မှာ စွပ်စွဲပြစ်တင်ခဲ့ပါတယ်။

**အီးယူဒဏ်ခတ်ပိတ်ဆို့ထားတဲ့ LOTTE ဟိုတယ် ရင်းနှီးမြှုပ်နှံသူ**

ဟိုတယ်နဲ့ ဝန်ဆောင်မှုလူနေတိုက်ခန်းစီမံကိန်းရဲ့ နောက်ကွယ်က အဓိကရင်းနှီးမြှုပ်နှံသူဟာ တောင်ကိုးရီးယား ကော်ပိုရေးရှင်း POSCO International ဖြစ်ပြီး၊ ၆၉.၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါတယ်။ POSCO International ဟာ သံမဏိလုပ်ငန်းကြီး POSCO ရဲ့ကုမ္ပဏီခွဲတစ်ရပ်ဖြစ်ပါတယ်။ အဲ့ဒီစီမံကိန်းမှာ တောင်ကိုးရီးယားကော်ပိုရေးရှင်းတစ်ခုဖြစ်တဲ့ LOTTE Corporation က ၁၅.၇ ရာခိုင်နှုန်းကို ပိုင်ဆိုင် ပါတယ်။ POSCO နဲ့ LOTTE တို့ရဲ့ရင်နှီးမြှုပ်နှံမှုတွေကို စင်ကာပူအခြေစိုက်ကုမ္ပဏီ POSCO International Global Development Pte Ltd ကတဆင့် ဆောင်ရွက်ပါတယ်။ ကျန်တဲ့ ပိုင်ဆိုင်မှု ၁၅ ရာခိုင်နှုန်းကို စီမံကိန်း ရဲ့ပြည်တွင်းမိတ်ဖက် Spirit Paradise Services (အရင်နာမည် IGE-Sinphyushin) က ပိုင်ဆိုင်ပါတယ်။

Spirit Paradise Services ကုမ္ပဏီကို မြန်မာ့ရေတပ်စစ်ဦးစီးချုပ်မိုးအောင်ရဲ့ အစ်ကိုဖြစ်သူ၊ မြန်မာခရိုနီ နေအောင် က ပိုင်ဆိုင်ပါတယ်။ နေအောင်ရဲ့ဖခင် အောင်သောင်းက အရင်စစ်အစိုးရဲ့ ဝန်ကြီးတစ်ဦးဖြစ်ပြီး၊ ၂၀၁၄ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုက "အကြမ်းဖက်မှု၊ ဖိနှိပ်မှုနဲ့ အကျင့်ပျက်ခြစားမှုတွေ ကျူးလွန်ခြင်း" အတွက် ဒဏ်ခတ်ပိတ်ဆို့ခဲ့တဲ့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ သဘောထားတင်းမာသူတစ်ဦး ဖြစ်တယ်။ ၂၀၁၅ ခုနှစ်မှဦး အောင်သောင်း ကွယ်လွန်ခဲ့ပါတယ်။

နေအောင်ရဲ့ IGE စီးပွားရေးလုပ်ငန်းစုကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက၊ ဥရောပသမဂ္ဂက ဒဏ်ခတ်ပိတ်ဆို့ အရေးယူ ခဲ့ပါတယ်။

ဥရောပသမဂ္ဂက သူတို့ရဲ့ဒဏ်ခတ်ပိတ်ဆို့မှုပြဌာန်းချက်မှာ "IGE က တပ်မတော် (မြန်မာစစ်တပ်)ကို ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ် "နယ်မြေရှင်းလင်းစစ်ဆင်ရေး" နဲ့ ဆက်နွယ်ပြီး ငွေကြေးပံ့ပိုးခဲ့ပြီး၊ အဲ့အတွက် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာလူမျိုးတွေအပေါ် ကြီးလေးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အားဖြည့်ပါဝင် ခဲ့ပါတယ်။ IGE က တပ်မတော်နဲ့ သူရဲ့စီးပွားရေးလုပ်ငန်းစုကြီးတို့နဲ့ ဆက်နွယ်တဲ့ များစွာသော စီမံကိန်းတွေနဲ့ ကုမ္ပဏီတွေမှာ ငွေကြေးဆိုင်ရာ ထည့်ဝင်မှုနဲ့ တပ်မတော်ကို သွယ်ဝိုက်ငွေကြေးပံ့ပိုးခဲ့တယ်" လို့ ဖော်ပြခဲ့ပါတယ်။

ဒဏ်ခတ်ပိတ်ဆို့အရေးယူခံရတာကိုရှောင်ကွင်းနိုင်ဖို့ သိသာထင်ရှားတဲ့ ကြိုးပမ်းမှုတစ်ရပ်အနေနဲ့ IGE Sinphyushin ကုမ္ပဏီကို ဧပြီမှာ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး၊ Spirit Paradise Services အမည်လို့ ပြောင်းလဲ ခဲ့တယ်။ ဥရောပ သမဂ္ဂဒဏ်ခတ်ပိတ်ဆို့မှုစာရင်းမှာ ပါဝင်တဲ့ International Group of Entrepreneur Company Limited က သူရဲ့ရှယ်ယာတွေကို Myanma National Energy Company Limited ဆီ လွှဲပြောင်း ခဲ့ပါတယ်။ IGE Group ရဲ့ စီအီးအိုဖြစ်တဲ့ သန်းဝင်းဆွေနဲ့ အမှုဆောင်ဒါရိုက်တာဖြစ်တဲ့ သဇင်အောင် တို့ကလည်း IGE Sinphyushin ဘုတ်အဖွဲ့က နုတ်ထွက်ခဲ့ပါတယ်။

Spirit Paradise Services ရဲ့ ဒါရိုက်တာအသစ်နှစ်ဦးဖြစ်ကြတဲ့ လွင်ရတနာဦးနဲ့ သော်ဇင်လင်း၊ အဲ့ဒါအပြင် Myanmar National Energy ရဲ့ ရှယ်ယာရှင်အသစ်တစ်ဦးဖြစ်တဲ့ ပိုင်ဇင်တို့က မြန်မာကုမ္ပဏီမှတ်ပုံတင် ဌာနမှာ မှတ်ပုံတင်ထားတဲ့ ဘယ်ကုမ္ပဏီနဲ့မှ ဆက်နွယ်တာမတွေ့ရပါဘူး။ သူတို့အနေနဲ့ ကုမ္ပဏီရဲ့ အကျိုးအမြတ်ပိုင်ဆိုင်သူအစစ်အမှန်ကို ဖုံးကွယ်ဖို့အတွက် IGE ရဲ့ လက်ပွားအမည်ခံကိုယ်စားလှယ်တွေ အဖြစ် ဆောင်ရွက်နေတာ ဖြစ်နိုင်ပါတယ်။

**Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာစစ်တပ်နဲ့ စီးပွားရေးပတ်သက် ဆက်နွယ်တာတွေ အဆုံးသတ်ဖို့ ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင်ရဲ့ အကြံပြုချက်တွေကို

လျစ်လျူရှုပြီး ဩစတြေးလျအနေနဲ့ အခွန်ထမ်းပြည်သူတွေရဲ့ ငွေတွေကို စစ်တပ်ဆက်နွယ် LOTTE ဟိုတယ်မှာ အသုံးပြုနေတာက စိတ်ပျက်ဖွယ်ရာ ဖြစ်ပါတယ်။

"LOTTE ဟိုတယ်က မြန်မာပြည်သူတွေအပေါ် တရားလက်လွတ်တိုက်ခိုက်ရာမှာ အသုံးပြုနေတဲ့ စစ်တပ်ရဲ့ ကျည်ဆံတွေ၊ ဗုံးဆံတွေ ဝယ်ယူပေးရတဲ့ စစ်ထောက်ချုပ်ရုံးထံ မြေနေရာငှားရမ်းခတွေ ပေးနေတာဟာ မြန်မာစစ်တပ်ကို ငွေကြေး ထောက်ပံ့နေတာဖြစ်ပါတယ်။

"စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်ကောင်စီက ပြည်သူ ၂,၀၀၀ ကျော်အား သတ်ဖြတ်ထားပြီး၊ ပြည်သူ ၁၄,၀၀၀ ကျော်အား ဖမ်းဆီးထားတယ်လို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေး အသင်းရဲ့ မှတ်တမ်းတွေအရ သိရပါတယ်။ စစ်ကောင်စီက သူတို့ရဲ့ အကြမ်းဖက်စစ်ဆင်ရေးရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရားလက်လွတ် လေကြောင်းတိုက်ခိုက်တာ၊ ဗုံးကြဲတိုက်ခိုက်တာတွေ လုပ်နေတာဖြစ်ပြီး ခန့်မှန်းခြေ ပြည်သူ ၇၈၃,၄၀၀ လောက်က ထွက်ပြေးတိမ်းရှောင်နေရပါတယ်။

"LOTTE ဟိုတယ်နဲ့ အခြားသောစစ်တပ်ဆက်နွယ်ကုမ္ပဏီအားလုံးနဲ့ ဩစတြေးလျနိုင်ငံရဲ့ စီးပွားရေးပက်သက်ဆက်နွယ်မှုကို ချက်ချင်းအဆုံးသတ်ပေးဖို့ နိုင်ငံခြားရေးဝန်ကြီး ပင်နီဝေါင်းကို ကျွန်မတို့ တောင်းဆိုပါတယ်။ ဒါကို လုပ်ဆောင်ခဲ့သင့်တာ ကြာပြီ ဖြစ်ပါတယ်။ စစ်တပ်စီးပွားရေး အကျိုးစီးပွားတွေကို ဒဏ်ခတ်ပိတ်ဆို့အရေးယူရမယ့်အစား ဩစတြေးလျနိုင်ငံက သူတို့အကျိုးအမြတ် ရရှိဖို့ ကူညီပေးနေတာ ဖြစ်ပါတယ်။

"မြန်မာစစ်ကောင်စီရဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို ငွေကြေးပံ့ပိုးနေတဲ့ အခွန်ငွေစီးကြောင်းကို ဖြတ်တောက်ဖို့ မြန်မာစစ်ကောင်စီနဲ့ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းတွေကို ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့နဲ့ အရေးတကြီးအရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ မြန်မာနဲ့ နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၆၈၈ ဖွဲ့တို့က ပင်နီဝေါင်းကို တောင်းဆိုထားတဲ့ တောင်းဆိုချက်တွေကို ကျွန်မတို့ ထပ်မံ တိုက်တွန်း တောင်းဆိုပါတယ်။

"စီးပွားရေးလုပ်ငန်းတွေ၊ တစ်သီးပုဂ္ဂလတွေ၊ အစိုးရတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေအနေနဲ့ LOTTE ဟိုတယ်နဲ့ စစ်တပ်ပိုင် သို့မဟုတ် စစ်တပ်ကို ငွေကြေးထောက်ပံ့နေတဲ့ အခြား စီးပွားရေးလုပ်ငန်းအားလုံးကို သပိတ်မှောက်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။"

**ပိုမိုသိရှိရန်**

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန ဆုံးဖြတ်ချက်ပေးစာ သတင်းအချက်အလက် ထုတ်ပြန်ချက်ကို ယခုနေရာ တွင် ဖတ်ရှုပါ။

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဌာန ထုတ်ပြန်ချက်စာရွက်စာတမ်းများကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

Justice For Myanmar | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/